Free for All

ဆရာ စန္ဒာမြ

# လေ့လာ ပျော်စရာ မျက်လှည့်ပညာ...



Free for All

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့်အကြံ
ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ
အမြဲစည်းလုံးမည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

Free for All

# လေ့လာပျော်စရာမျက်လှည့်ပညာ

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၄၀၀ ၂၄၀၀ ၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၄၀၀ ၂၃၉၀ ၅၀၃ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၈ခုနှစ်၊ မေလ |
| တန်ဖိုး | - | 1000 ကျပ် |

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် - ဦးဇော်မင်းအေး
ဇော်ပုံနှိပ်တိုက် (၀၇၁၂၅)
အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ - ဦးခင်မောင်သန်း
သန်းစာပေ (၀၁၄၅၄)
အမှတ် (၆၃)၊ ၁-လမ်း၊ ၁၁-ရပ်ကွက်၊
တောင်ဥက္ကလာ၊ ရန်ကုန်။


### ဖြန့်ချိရေး

မျက်ပွင့်စာပေ
အမှတ်(၃၆၇)၊ ပိုလ်ချုပ်အောင်ဆန်းလမ်း၊ (ပိုလ်ဆွန်ပက်လမ်းထိပ်)၊ ရန်ကုန်။
ဖုန်း ၇၀၀၅၇၉
အမှတ်(၆၁၀)၊ ဘီ(၁)၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊
ရန်ကုန်။
openeyes@mail4u.com.mm

မရမ်းတလင်းစာပေ
အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။ ဖုန်း ၅၄၃၂၉၇

Free for All


ဖြန့်ချိရေး
မျက်ပွင့်စာပေ
အမှတ် (၁၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်၊
ရန်ကုန်မြို့၊ ဖုန်း - ၇၀၀၅၇၉
openeyes@mail4u.com.mm

Free for All



● မျက်လှည့် ဥာဏ်စမ်း ●

ဖန်ခွက်တစ်လုံးနဲ့ အကြွေစေ့ နှစ်စေ့

မျက်လှည့် ပြမယ့်သူက သူငယ်ချင်းကိုပြောပါတယ် "ဟောဒီ ဖန်ခွက် နှုတ်ခမ်း ပေါ်မှာ.. အကြွေစေ့ ၂-စေ့ ကို တင်ထားတယ်.."



"လက်တစ်ဖက် တည်းနဲ့ ဖန်ခွက်ကို မ,ပြနိုင်မ လား ? အကြွေစေ့ တွေ ကို ထိနိုင်တယ်.. ဖန်ခွက် ကိုတော့.. လက်နဲ့ မထိမ ကိုင်ရဘူး" လို့ ပြောပါတယ်..




သူငယ်ချင်းက..စဥ်းစား တာ.. ဦးနှောက် ခြောက် သွားတယ်.. "မင်းရော လုပ်နိုင်လို့လား ?" လို့ ပြန်မေးတော့.. "အေး,ငါလုပ်ပြ မယ် သေချာ ကြည့်ထားနော်"

ခိုဖြီး ဖန်ခွက် နှုတ်ခမ်းပေါ်က အကြွေစေ့ ၂.စေ့ကို..လက် ညှိုး,လက်မနဲ့ အသာထိ..



ဖန်ခွက် နှုတ်ခမ်း ဘေးကို ဖြည်းဖြည်း ချင်း ပွတ်ချပြီး



အကြွေစေ့ ၂- စေ့ကိုလက် အားနဲ့ ဖိညှပ်ပြီး မ,ပြတော့ တာပဲ.. <လေ့ကျင့်ပြီးမှ ပြပါ..>


Free for All

■ မျက်လှည့် ဉာဏ်စမ်း ■

"လေးထောင့်ကွက်လေး ဖြစ်အောင်လုပ်ပြပါ.."


ကလေးတို့ ဒီတစ်ပတ်လည်း မျက်လှည့် ဉာဏ်စမ်းတစ်ခု တင်ပြပါဦးမယ်...
မျက်လှည့်ပြမယ့်သူဟာ သူငယ်ချင်း မိတ်ဆွေတစ်ဦး ကိုခေါ်ပြီး..
သစ်သား မီးခြစ်ဆံ <၄> 'လေး' ချောင်းကို ကြက်ခြေ ခတ် ပုံစံ နေရာချထား ပြပါတယ်...
ပြီးတော့ သူက ပြောတယ် "မီးခြစ်ဆံ တစ်ချောင်းတည်း ကိုပဲ.. တစ်ကြိမ် ရွှေ့ရမယ်... လေးထောင့် ကွက်လေးဖြစ် အောင် လုပ်ပြနိုင်ပါ့မလား"

တဲ့ ...



နည်းနည်းတော့ ဦးနှောက် ခြောက်ခံပြီး စဉ်းစားရမယ် နော်... စဉ်းစားလို့ ရရင်.. တစ်ချက်တည်း ရွှေ့ပြ လိုက်ပေါ့.. အဲ.. ဒါပေမယ့် ရွှေ့မရနိုင်အောင်ဖြစ်နေ ရင်တော့.. အရှုံးပေးရ ပါလိမ့်မယ်...

မင်းရဲ့ သူငယ်ချင်းက ခေါင်းကုတ်ပြီး 'မရဘူး' လို့ ဆိုရင်...
အောက်ပါပုံအတိုင်း ရွှေ့ ပြလိုက်ပေါ့.. တကယ့်ကို လေးထောင့် ကွက်လေး ဖြစ်သွားပါလိမ့်မယ်..




ကြက်ခြေခတ်ပုံစံ ထားက တည်းကိုက ၂.ချောင်း ဟ, နေတဲ့ကြားထဲကို ၁.ချောင်း ဝင်ထားတာပါ. ပြီးမှ နည်း နည်းလေး ရွှေ့လိုက်တာ...

Free for All




မျက်လှည့်ဉာဏ်စမ်း
"ငါပြောတဲ့အတိုင်းလိုက်ပြော"
● ကလေးတို့ ဒီတစ်ပတ်တော့ လှည့်စားမှုဆိုတဲ့ မျက်လှည့် အနုပညာရပ်ထဲမှာ.. မပါရင် မဖြစ်တဲ့ ဉာဏ်စမ်းတစ်ပုဒ် တင်ပြသွားမယ်...
မင်းရဲ့သူငယ်ချင်းကို ဒီလို ပြောပါ.. "မင်း ငါပြောတဲ့စကားလုံးတိုင်း တထပ်တည်းလိုက်ပြီး ပြောနိုင်မလားလို့ မေးပါ...
သူငယ်ချင်းက.. "ဟာ! မင်းပြောတဲ့စကားလုံးတိုင်း..ငါနောက်က လိုက်ပြောနိုင်တာပေါ့" လို့ ပြောပါလိမ့်မယ်.. ကဲ.. ဒါဖြင့် စ,ကြရအောင်...
ဟိုမှာ ခွေးကလေး
ဟိုမှာ ခွေးကလေး
ဝုတ်...
ဒီမှာ.. ကြောင်ကလေး
ဒီမှာ ကြောင်ကလေး
ဟော့ဒီ ယုန်ကလေး
ဟော့ဒီ ယုန်ကလေး
ဒါက သေတ္တာ
ဒါက သေတ္တာ
ဟာ! မင်းမှား သွားပြီ..
ဟာ! သေတ္တာလေကွာ ဘာမှားလို့လဲ
ငါပြောတဲ့စကားလုံးတိုင်း မင်းက တထပ်တည်း လိုက်ပြောနိုင်တယ်ဆို... ခု.. ငါနောက်ဆုံးပြောတဲ့ စကားလုံးက.. ဟာ! မင်းမှားသွားပြီ.. ဆိုတဲ့ စကားလုံး...
ဟာ.. အယ်.. ဟုတ်သားပဲ

"မျက်လှည့် ဉာဏ်စမ်း"

● ရှင်ပြုံး ပိရိသတ် ကလေးများ ဉာဏ်ရည် ထက်မြက်ပြီးပျော်ရွှင်စရာလည်းဖြစ်စေမယ့်မျက်လှည့် ဉာဏ်စမ်း တစ်ခု ထပ်ပြီးတင်ပြ ပါဦးမယ်..
မေးခွန်း ၅.ခွန်းဖြေပါ


■ မျက်လှည့်ပြမယ့် သူဟာ.. သူငယ်ချင်းကို ခုလိုပြောရ ပါမယ်...
"ငါက.. ပစ္စည်း တစ်ခုကို.. ပြောပြီ ဘာလဲလို့ မေးမယ်.. မင်းက မေးတိုင်း - အမှန်ကို မဖြေဘဲ.. တစ်လွဲ/အများတွေ ပဲ ဖြေရမယ်.. <ဥပမာ..> ခဲတံ ကို လက်ညှိုးထိုးပြီး "ဒါ ဘာလဲ?" လို့ မေးရင်.. မင်းက ပေတံ.. (ဒါမှမဟုတ်) ခဲဖျက်.. အဲ့ဒီလို.. အများတွေ/တစ်လွဲ တွေ ဖြေရမယ်.. "ဖြေနိုင် ပါ့မလား" လို့ မေးပါ...
သူငယ်ချင်းက အားကျမခံ ဖြေနိုင်တယ်.. လို့ပြောမယ်၊
"ကဲ.. ဒါဖြင့် ငါက မေးခွန်း ၅.မျိုး မေးမယ်..မင်း..ဖြေ ပေတော့" လို့ ပြောပြီး..






Free for All




● မျက်လှည့် ဥာဏ်စမ်း ●
'ငွေစက္ကူပေါ်မှ.. ဖန်ခွက်'
■ မျက်လှည့်ပြမယ့် သူဟာ.. သူငယ်ချင်းကို ခေါ်ပြီး - 'ဒီမှာ.. ဖန်ခွက် ၃. ခွက်ရှိတယ် ဖန်ခွက်.. ၂. ခွက်ရဲ့.. နှုတ်ခမ်း ပေါ် - ငွေစက္ကူကိုကန့်လန့်ဖြတ် တင်ပြီး...
အဲ့ဒီအပေါ်ကမှ.. ဖန်ခွက်ကို ထပ်ဆင့်တင်ပြ နိုင်မလား' လို့ မေးပါတယ်...
သူငယ်ချင်းက.. စဉ်းစားပြီး တင်ကြည့်ပါတယ်...
ဖန်ခွက်တွေရဲ့ နှုတ်ခမ်းပေါ် ကန့်လန့်ဖြတ်တင်ထားတဲ့ ငွေစက္ကူဟာ.. ပျော့နေလို့ ဖန်ခွက်ကို ထပ်ဆင့်တင်ပေးမယ့် မရပါဘူး..
မျက်လှည့်ပြသူက.... 'ကဲ... ဒါဖြင့်.. တင်လို့ရအောင် ငါ လုပ်ပြမယ်.. မင်း_သေချာ ကြည့်ထားနော်' လို့ပြောပြီး ငွေစက္ကူကို အလျှားလိုက်
လှိုင်းတွန့်ပုံစံဖြစ်အောင် ခေါက်ပါတယ်...
TWENTY KYATS
လှိုင်းတွန့်ပုံ..
ညီညီညာညာ ခေါက်ပြီး - ဖန်ခွက် ၂- ခွက်ရဲ့ နှုတ်ခမ်းတွေပေါ်တင်,
အဲ့ဒီအပေါ်ကမှ.. နောက်ဖန်ခွက်ကို တင်လိုက်တာပါ... လှိုင်းတွန့်ငွေစက္ကူဟာ.. မာပြီး ဝန်ခံနိုင်အား ရှိသွားတယ်။

Free for All



● မျက်လှည့် ဉာဏ်စမ်း ●

"ငါလှုပ်သလို လိုက်လှုပ်"

● ဒီတစ်ပတ်မှာလည်း မျက်လှည့် ဉာဏ်စမ်းတစ်ခု တင်ဆက် ပါဦးမယ်...

■ မျက်လှည့်ပြမယ့်သူဟာ.. သောက်ရေ အပြည့်ထည့်ထား တဲ့ ဖန်ခွက်နှစ်ခွက်ကို



သူငယ်ချင်းရှေ့မှာ ချထားလိုက်ပြီး.. 'ငါ လှုပ်သလို မင်းလည်း လိုက်လှုပ်နိုင်ပါ့မလား' လို့

မေးပါ။ သူငယ်ချင်းကလည်း အားကျမခံ 'ဟာ! မင်းတောင် လှုပ်နိုင်မှ.. ငါလည်း လိုက်လှုပ် နိုင်ရမှာပေါ့ကွ' လို့ပြောပါ လိမ့်မယ်...

'ဒါဆို ငါလှုပ်သလို.. မင်း လိုက်မလှုပ်နိုင်ရင်အရှုံးနော်' လို့ ပြောပြီး ...

မျက်လှည့် ဉာဏ်စမ်းပြကွက် ကို စ,ကြပါစို့ ...



ဖန်ခွက်ထဲက ရေကို တစ်ငုံ သောက်ချပြပါ၊ သူကလည်း လိုက်သောက်ပါလိမ့်မယ်... ဒုတိယ အကြိမ် ရေကို တစ်ဝက်အကျန် ချန်ပြီး သောက်


ချ ပြလိုက်ပါ၊ သူကလည်း အားကျမခံ သောက်ပါလိမ့်မယ်၊




မျက်လှည့်ပြသူဟာ.. ဖန်ခွက်ထဲ ကျန်နေတဲ့ ရေအားလုံးကိုမော့ ချလိုက်ဟန်ဆောင်ပြီး သူ့ကိုလိုက်လုပ်ခိုင်းပါ။ သူက အရင်အတိုင်း မှတ်ပြီး ရေကို အကုန်သောက်ချ ပါလိမ့် မယ်... ဒီတော့မှ..မျက်လှည့်ပြ သူဟာ ငုံထားတဲ့ရေကို ဖန် ခွက်ထဲ ပြန်ထွေးထုတ်လိုက်ပါ သူက မျိုချလိုက်ပြီမို့..ရေကို ဖန်ခွက်ထဲထွေးထုတ်လို့မရ တော့ပါဘူး၊ ဒီတော့ သူရှုံးပြီ။

Free for All





• ဒီတပတ်တော့.. မျက်လှည့်ပြကွက် တစ်ခု ဆိုတာထက်.. သား-သမီး တို့ အတွက်.. ဉာဏ်စမ်းပြကွက်လို့ ဆိုရင် မမှားဘူး.. သူငယ်ချင်း တစ်ယောက်ခေါ်ပြီး ဒီပြကွက် နဲ့ ဉာဏ်စမ်းခိုင်းပေါ့ ...
"ဟော့ဒီမှာ သူငယ်ချင်း, ရေပါတဲ့ ဖန်ခွက်က ၃-ခွက်၊ ခွက် အလွတ်က.. ၃-ခွက်.., ၁-ကြိမ် ရွှေ့ရင်..၂-ခွက်။ ၃-ကြိမ်ပဲ ရွှေ့ခွင့်ပြုမယ်..., ၃-ကြိမ် ရွှေ့ပြီးရင်.. ရေပါတဲ့ ခွက်နဲ့ ခွက်လွတ် ဟာ... တစ်ခွက်ကြားစီ ဖြစ်နေရမယ်"
* သူ.. စဉ်းစားပါစေ.. ဦးနှောက် စားပြီး အဖြေရှာမရမှ.. မင်းက ရွှေ့ပြလိုက်ပါ..
အမှတ် (၁) နဲ့ (၂) ကို.. (၆) ရဲ့ အစွန်ဆုံး နေရာကို ပို့လိုက်ပါ.. (၁.ကြိမ် ရွှေ့ပြီးပြီ)
(၆) နဲ့ (၁) ကို ထပ်ပြီး (၂) ရဲ့ အစွန်ဆုံးကို ပို့ပါ (၂.ကြိမ်ရှိပြီ..)
(၃) နဲ့ (၄) ကို.. (၅) နဲ့ (၂) ရဲ့ ကြားထဲကို ထည့်လိုက်ပါ.. (၃.ကြိမ် ရွှေ့ပြီးပြီ..) ကဲ... တစ်ခွက်ကြားစီ ဖြစ်သွားပါပြီ...

Free for All




● ဒီတစ်ပတ်မှာလည်း
အရင်တစ်ပတ်လို... ဉာဏ်စမ်း
ပြကွက်ပါ...
သူငယ်ချင်း တစ်ယောက်ကို ခေါ်ပြီး
ဉာဏ်စမ်းခိုင်းဦးပေါ့...
■ သူ့ကို ပြောရမယ့် စကားကို
အဓိပ္ပါယ် လွဲမှားမသွားအောင်
သေချာပြောဖို့ လိုလိမ့်မယ်နော်...
"ကဲ.. သူငယ်ချင်း.. ဒီမှာဖန်ခွက်(၆)ခွက်
ရှိတယ်.. ရေပါတာက (၃)ခွက်၊ ရေမပါ
ခွက်လွတ်က (၃)ခွက်။ ဖန်ခွက်တစ်ခွက်ကို
တစ်ကြိမ်ပဲ လှုပ် ခွင့်ရှိတယ်...
ရေပါတဲ့ဖန်ခွက်နဲ့ ခွက်လွတ်ဖန်ခွက်..
တစ်ခွက်ကြားစီ ဖြစ်သွားအောင်
လှုပ်ပါ" လို့ ပြောရမယ် နော်...
*သူစဉ်းစားလို့ အဖြေမပေါ်မှ.. မင်းက
လှုပ်ပြလိုက်ပါ..
?.?.?.?.
၁ ၂ ၃ ၄ ၅ ၆
လှျို့ဝှက်ချက်။ "အမှတ်(၂)ခွက်က
ရေကို.. အမှတ်(၅)ခွက်ထဲ လောင်းထည့်
ပြီး.. (၂)ခွက်ကို သူ့နေရာသူ ပြန်ထားပါ။
မင်းသူငယ်ချင်းက "ဒါတော့ ငါလည်း လှုပ်
တတ်သားပဲ" လို့ပြောရင်.. "နောက်ကျသွားပြီ"
လို့.. ပြန်ပြောလိုက်နော်... ပျော်ရွှင်ပါစေ..




မရမ်းတလင်း စာအုပ်တိုက်

Free for All




"စာအိတ်ထဲမှ ငွေစက္ကူ"
မျက်လှည့် ဆရာဟာ..
ရုံးသုံး စာအိတ် တစ်အိတ်ကို
ကိုင်ထားပါတယ်...
ဗိုက်ခံ ငွေစက္ကူ တစ်ရွက်ကို
အနည်းငယ် ထုတ်ပြပြီး
ပြန်ထည့်လိုက်တယ်...
ပြီးတော့ ကပ်ကြေးနဲ့
ငွေစက္ကူထည့်ထားတဲ့
စာအိတ်ကို အလယ်
ကောင် တစ်ဝက်က ညှပ်
ပြတယ်...
စာအိတ် တစ်ပိုင်းစီပြတ်
သွားပြီး ငွေစက္ကူဟာ
အကောင်း ပကတိ ရှိနေ
တာ တွေ့ရတယ်..
လျှို့ဝှက်ချက်- ရုံးသုံး
စာအိတ်ရဲ့ ကျောဘက်က
ငွေစက္ကူ လျှိုသွင်းနိုင်အောင်
ခုလို ဓားနဲ့ လှီးဖောက်ပါ..
ပြတဲ့ အခါမှာ..ငွေစက္ကူကို
ပရိသတ် မမြင်ရတဲ့ဘက်က
ဖေါက်ပြီး.. စာအိတ်ကို
လှီးညှပ်ပြတာဖြစ်ပါတယ်..


Free for All





ကဒ်ထူ ပြောင်းလိပ်ထဲမှ
ချောင်းစုံ စက္ကူ စလေးများ
■ မျက်လှည့် ဆရာဟာ..
ထုတ်ချင်းပေါက်မြင်ရတဲ့..
ကဒ်ထူ စက္ကူလိပ် ပြောင်းကို
ပြတယ်.. အထဲမှာ ဘာမှမရှိ
ပါဘူး..
ပြီးတော့ `ဝှုံးဖူ´ လို့ မန်းမှုတ်
လိုက်ပြီး လက်ထဲက ကဒ်ထူ
စက္ကူလိပ်ပြောင်းကို ခါလှုပ်
ပြတယ်.. ချောင်းစုံ စက္ကူစတွေ
အများကြီး ထွက်လာတာ
တွေ့ရတယ်..
လျှို့ဝှက်ချက်..
၁၀" လောက်ပါတ်လည်
ကဒ်ထူ စက္ကူနက်တစ်ရွက်
ကို ဖန်ခွက် ပုံစံ ကော်နဲ့
ကပ်ပါ.. နောက်သူ့အပြင်
ဘက်က အလားတူ ၁၀"
လောက်ပါတ်လည်
ကဒ်ထူစက္ကူနဲ့
အပေါ်ထိပ်ပြဝ
ချင်း အညီအတိ
ကော်နဲ့ကပ်ပါ၊
အောက်ဘက်က
လွတ်နေတဲ့ နေ
ရာလွတ်မှာ..
ချောင်းစုံစက္ကူ
စတွေထည့်ပါ.. ပရိသတ်
ကိုပြတဲ့အခါ
ချောင်းစုံစက္ကူ
စတွေရှိတဲ့
ဘက်ဟာ..
မိမိဘက်မှာရှိနေပါစေ..

Free for All






မရမ်းတလင်း စာအုပ်တိုက်



စာရွက်ခေါက်ပဒွင်းမှ
ကြိုးကို ဖြတ်ပြခြင်း။
မျက်လှည့်ဆရာမဟာ..စားပွဲခုံ
ပေါ်မှာ စာရွက်တစ်ရွက်နဲ့..
ကြိုးတစ်ချောင်း တင်ထားတယ်..
ကြိုးကို စက္ကူခေါက်ထဲ
ထည့်ပြီး.. ကတ်ကြေးတစ်လက်
နဲ့ ညှပ်ပြမယ်လို့ ပြောပါ
တယ်...
ဒီလိုနဲ့ ကြိုးထည့်ထားတဲ့
စက္ကူခေါက်ကို ကတ်ကြေး
နဲ့ ညှပ်ပြပါတယ်..
စက္ကူခေါက်ဟာ.. တစ်ပိုင်းစီ
ဖြတ်သွားပေမယ့်..အထဲက
ကြိုးဟာ ဖြတ်မသွားဘူး။
ညှို့ဖွက်ချက်၊ ဥပမာ..
၁၂"လက်မ × ၈ ၁/၂"လက်မ အရွယ်
ရှိတဲ့ စက္ကူတစ်ရွက်ကို..
၄"လက်မ တစ်ခါ ခေါက်မယ်..
နောက်အောက်က ..၂ ၁/၂"လက်မ
ပြန်ခေါက်မယ်ပေါ့...
၄"
၁၂"
၂ ၁/၂"
၈ ၁/၂"
စက္ကူခေါက်ထဲကြိုးရောက်သွား
တဲ့အခါ..ကြိုးကိုလက်မနဲ့
အပြင်ဘက်ကို တွန်းထုတ်တယ်.
ပြီးမှ ကြိုးကိုချန်ပြီး ကတ်ကြေး
နဲ့ ညှပ်ပြတာပါပဲ...

## "ခဲတန် ဖျက်လှည့်"

● ဖျက်လှည့်ပြမယ့် သူဟာ... မပြခင် (၁) ခဲတန်တစ်ချောင်းရဲ့ ခဲဖျက်အစွပ်ကို နှဲ့ပြီး ချွတ်ရပါမယ်...

(၂) ခဲတန်ရဲ့ ၂-ဘက်စလုံးကို ဓားနဲ့ချွန်ထားပါ..

(၃) တစ်ဘက် အချွန်ကို ခဲဖျက် အစွပ်နဲ့ ပြန်စွပ်ထားပါ။




(ခဲဖျက်အစွပ်ကို အလွယ်တကူ ချွတ်ယူနိုင်အောင် လုပ်ထားရပါမယ်...

ပြီးပြီဆိုရင်... သူငယ်ချင်း-မိတ်ဆွေကို... ခေါ်ပြပါ..

● သူငယ်ချင်း... ဒီမှာ ခဲတန် အချွန်နဲ့ ခဲဖျက်ရှိတယ်.. အဲ့ဒီ ခဲတန်လေး ဘက်.. လည်သွားတာ ပြမယ် လို့ ပြောပါ။




(B)ဘက် ရှိ ခဲတန် အချွန်ကို ခဲဖျက် အစွပ်နဲ့ ဖုံးကွယ်ထားတယ်...




လက်နဲ့ကာပြီး... ခဲဖျက်အစွပ်ကို ချွတ်ပါ..




ခဲတန်ကိုနာရီလက်တံလို လှည့်လိုက်ပါ ခဲတန်အချွန် (B)ဘက်ကို ပရိသတ်မမြင်ပါစေနဲ့...

(၄) (B)ဘက် အချွန်ကို




ဘယ်လက်အတွင်းမှာဆုတ်ကိုင်ထားပြီး-(A) ဘက် အချွန်ကို.. ညာ လက်အတွင်းမှာချွတ်ယူထားတဲ့.. ခဲဖျက်အစွပ်နဲ့စွပ်လိုက်ပါ၊


(၅) (A)ဘက်ကို- ညာဘက် လက်မနဲ့ ထိုးပြီး..




(B)ဘက်လက်သီးဆုပ်ထဲ ထိုးထည့်လိုက်ပါ။

Free for All




ထောင်နေသော ဖဲချပ်ပေါ်မှ ဖန်ခွက် ဆပ်ကပ်..
• မျက်လှည့်ဆရာဟာ... ဖဲတစ်ချပ်ကို မရိုးသတ်ရှေ့ ထောင်ပြတယ်... ဖဲချပ်လေးဟာ ရှေ့မှာ.. ဂဏန်းနဲ့ အပွင့်အောက်မှာ ဒိုင်း - သာမန်ဖဲချပ် လေးပါ။
ဒီနောက် ဖဲချပ်လေးကို စားပွဲပေါ် ထောင်တင်ထား လိုက်တယ်...
ပြီးတော့.. ဖန်ခွက်လွတ် တစ်ခွက်ကိုပါ ထောင်နေတဲ့ ဖဲချပ်ပေါ်တင်ပြတယ်
အံ့ဩဖွယ် - ဖဲ - ဖန်ခွက် ဆပ်ကပ် ပါပဲ...
လှို့ဝှက်ချက် ကတော့ ဒီလိုပါ..
ကော်ရေပါ ဖဲနှစ်ချပ်နဲ့.. ဖန်ခွက်လွတ်တစ်ခွက် လိုပါတယ်..
ကော်
ဖဲတစ်ချပ်ရဲ့နောက်ကျော တစ်ခြမ်းကို ကော်သုတ်ပါ။
ကျန်ဖဲတစ်ချပ်ကို ထောင်လိုက် ခေါက်ချိုး ချိုးပြီး ကျောက ကပ်ပါ.. မရိုးသတ်ရှေ့ပြတဲ့ အခါမှာ.. ကော်ကပ်နေတဲ့ ခေါက်ချိုးဖဲကို ဖြန့်ပြဖို့လို ပါတယ်..
စားပွဲပေါ် ဖဲချပ်ကို ထောင် တော့မှ.. ခေါက်ချိုးဖဲကို ထောက်သဖွယ် ဖြန့်ရပ် လိုက်ရမှာပါ...
ASM.99.1

## ကိန်းဂဏန်းများဖြင့် လှည့်စားခြင်း

■ ဖျက်လှည့် ဆရာဟာ... ကိန်းဂဏန်း ၃.လုံး စီတန်းနေတဲ့ ဇယားကွက် တစ်ခုကို.. သူ့ မိတ်ဆွေ-သူငယ်ချင်းကိုပြပါတယ်.. ပြီးတော့ခုလိုပြောပါတယ်၊ "၁. ကနေ ၆. အထိ ဘာ ဂဏန်းမှ ဖြည့်ရေးမထားဘူး ဒါပေမယ့် အားလုံးပေါင်းလဒ် အဖြေကို ငါ..ကြိုရေးထားပြီးနေပြီ..."

| | | က | ခ | ဂ | |
|---|---|---|---|---|---|
| ၁၊ | - | | | | ✓ |
| ၂၊ | - | | | | - |
| ၃၊ | - | | | | ✓ |
| ၄၊ | - | | | | - |
| ၅၊ | - | | | | ✓ |
| ၆၊ | - | | | | - |
| | ၂ | ၉ | ၉ | ၇ | ပေါင်းလဒ်။ |

အမှတ်စဉ်(၁)မှာမင်းစိတ်ကြိုက် ဂဏန်း ၃-လုံးကိုရေးဖြည့်ပါ။ (၂)ကို ငါရေးမယ်၊ (၃)ကို မင်းက.ထပ်ရေးပါ၊ ငါက(၄)ကိုထပ်ရေးမယ်။ (၅)ကို..မင်းက ထပ်ရေးပါ။ (၆)ကို ငါက ထပ်ဖြည့်မယ် တစ်ယောက်.တစ်လှည့် စီပေါ့..ပြီးရင်(ဂ)(ခ)(က) အစဉ်လိုက်ပေါင်းကြည့်ပါ၊ ငါ.ကြိုရေးထားတဲ့ အဖြေမှန်-မမှန် သိရအောင်ပေါ့" လို့ ပြောပါတယ်။

ဒါနဲ့ သူငယ်ချင်းက သူ့စိတ်ထဲတွေ့ရာ..ဂဏန်း ၃.လုံးကို စ,ရေးပါတယ်...

သူရေးပြီးတော့..



ဖျက်လှည့်ဆရာက အမှတ်စဉ် (၂)ကို ထပ်ဖြည့်ရေးတယ်၊ ဒီလိုနဲ့ အပြန်အလှန် ရေးလိုက်ကြတာ.. အောက်မှာပြင်တဲ့ အတိုင်း ဖြစ်သွားတယ်...


<ပေါင်းကြည့်ပါ..>

| | | က | ခ | ဂ | |
|---|---|---|---|---|---|
| ၁၊ | - | ၆ | ၂ | ၉ | -ကြည့်သူဖြည့် |
| ၂၊ | - | ၃ | ၇ | ၀ | -ဖြေသူဖြည့် |
| ၃၊ | - | ၉ | ၁ | ၀ | -ကြည့်သူ |
| ၄၊ | - | ၀ | ၈ | ၉ | -ဖြေသူ |
| ၅၊ | - | ၁ | ၁ | ၂ | -ကြည့်သူ |
| ၆၊ | - | ၈ | ၈ | ၇ | -ဖြေသူ |
| | ၂ | ၉ | ၉ | ၇ | -ပေါင်းလဒ်။ |

လျှို့ဝှက်ချက်။ ကြည့်သူရေးတဲ့ ဂဏန်းကို အလုံးတိုင်း-၉.ဂဏန်းဖြစ်အောင်လိုက်တွဲဖြည့်ရေးတာပါ၊ ဥပမာ-သူက ၆.ဆိုအောက်က ၃-ကိုဖြည့်, သူက..၀.ဆို..ကိုယ်က ၉.ကို ဖြည့်ရေးတာပါ။ "စာကို အခါခါ ရှင်းအောင်ဖတ်ကြပါနော်.."

Free for All





'နဖူးကပ်တဲ့ ငွေအကြွေစေ့'
● မျက်လှည့်ဆရာဟာ.. သူ့မိတ်ဆွေကို ငွေ အကြွေစေ့ တစ်စေ့ထုတ်ပြပါတယ်..
ဒီ.. အကြွေစေ့မှာ.. ဘာကော်မှ သုတ်မထားဘူး မယုံရင် စစ်ဆေး ကြည့်ပါ..
'မင်းရဲ့နဖူးမှာ ကပ်လိုက်မယ် လက်နဲ့ ခွာမချရဘူး.. ခေါင်းကို ခါပြီး ခွာချလို့တော့ရတယ်.. ဒီအကြွေစေ့ဟာ မင်းရဲ့နဖူးမှာ ကပ်နေပြီး တန်ခိုးနဲ့ အလို အလျောက် ပျောက်သွားလိမ့်မယ်'လို့ ပြောပါတယ်...
ဟာ! မင်းဉစ္စာ မဖြစ်နိုင်တာပဲ
ဒါဆို.. ငါကပ်ပြမယ်
မျက်လှည့်ဆရာဟာ.. သူ့ မိတ်ဆွေရဲ့ နဖူးမှာ အကြွေစေ့ကို ကပ်လိုက်တယ်.. ပြီးတော့ မိတ်ဆွေရဲ့ ခေါင်းပေါ်က ကျော်ပြီး လက်ကို သိမ်းယူလိုက်တယ်...
သူ့မိတ်ဆွေက တော့.. နဖူးမှာ နာနာဖိပြီးကပ်လိုက်တဲ့ အကြွေစေ့ ရှိနေတယ်ထင်ပြီး.. ခေါင်းကို ခါပြီး.. ခွာချနေတယ်.. နဖူးကို လက်နဲ့စမ်းကြည့်မှ.. ငွေ အကြွေစေ့ဟာ ပျောက်ဆုံးနေတာတွေ့ရတယ်...
'လျှို့ဝှက်ချက်' မျက်လှည့် ပြသူဟာ.. သူ့ ညာဘက် လက်ညှိုးထိပ်မှာ... နှစ်ဖက်တိတ် <ဒဗလယ်တိတ်> ကို ကပ်ထားတယ်။ နဖူးကို အကြွေစေ့ ဖိကပ်တဲ့အခါ မှာလက်ညှိုး ထိပ်ကတိတ်နဲ့ အကြွေစေ့ကို မသိမသာကပ်ပြီး ခေါင်း ပေါ်ကကျော်ယူသွားတာပါ။


"သံပုရာသီးထဲက အကြွေစေ့"
■ မျက်လှည့် ဆရာဟာ.. ဓားတစ်ချောင်းကို စားပွဲခုံပေါ်မှာ ချထားတယ်...
သံပုရာသီး တစ်လုံးကိုပြပြီး ပရိသတ်ကို ခုလိုပြောတယ်..
ဒီ.. သံပုရာသီးထဲမှာ စိတ်စွမ်းအင်နဲ့ အကြွေစေ့ တစ်စေ့ ထည့်ထားတယ် အပေါက်အပြဲ ရှိ-မရှိ စစ်ဆေးကြည့်ပါ..
ပြီးတော့ သူ့လက်မှာဘာမှ မရှိကြောင်း ပြပါတယ်..
သံပုရာသီးဟာလည်းပင်ကိုယ် သဘာဝ အတိုင်း ပုံစံမပျက် ရှိနေတာ တွေ့ရတယ်..
ကဲ.. ဒါဖြင့် ဓားနဲ့ လှီးပြမယ်
သံပုရာသီးဟာ..ထိုထိုရိုရို နှစ်ခြမ်းဖြစ်သွားပြီး အထဲမှာ တစ်ကျပ်စေ့လေး တစ်စေ့ကို ထူးဆန်းစွာ တွေ့ရတယ်..
လျှို့ဝှက်ချက်- မပြောသေး.. သံပုရာသီးလှီးမယ့် ဓားရဲ့
တစ်ဖက် ခြမ်းမှာနှစ်ဖက် တိတ်[အစလယ်တိတ်]နဲ့ ကျပ်စေ့ကိုကြိုတင်ကပ်ထားပါ..
နှစ်ဖက် တိတ်
ကျပ်စေ့
ကျပ်စေ့ရှိတဲ့ ဘက်ခြမ်းကို ပရိသတ်မမြင်အောင်ဖျောက်ထားပါ၊ သံပုရာသီးနဲ့လက်ထဲမှာဘာမှ မရှိကြောင်းပြပါ၊ ဓားအသွားနဲ့ သံပုရာသီးကိုလှီး၊ [ဓားဦးရှေ့တွန်းလှီး]
လက်မနဲ့တွန်း
သံပုရာခြမ်းထဲ အကြွေစေ့ကို လက်မနဲ့တွန်းထည့်၊ ဓားချည်း သက်သက်-နောက်ဘက်ကို လျှင်မြန်စွာ ဆွဲထုတ်ပါ။

Free for All






ဗူးထဲမှ..ချောင်းစုံ စက္ကူစ များနှင့်
သကြားလုံးများ
● မျက်လှည့်ဆရာဟာ..
စလင်ဒါပုံ ဗူး ဝိုင်းရှည်ကို
ကိုင်ထားပြီး.. ပရိသတ်ဆီက
ဦးထုပ်ကို ခဏ တောင်းယူ
တယ်...
ပြီးတော့..ဦးထုပ်ကို ပက်လက်
လှန်, ဗူးရှည်လေးကိုထည့်ပြီး
ခုလိုပြောပါတယ်.. "မိတ်ဆွေရဲ့
ဦးထုပ်ထဲ ကို
ဗူးလေးထဲက
ချောင်းစုံ စက္ကူစ
တွေဖြန့်ချ
လိုက်မယ်..
မကြာခင်မှာပဲ သကြားလုံးတွေ
ဖြစ်သွားပါလိမ့်မယ်လို့
ပြောပါတယ်...
ဒါနဲ့ ဗူးရှည်လေးကိုမ,ယူပြီး
ဦးထုပ်ထဲကို သွန်ချလိုက်
တော့..ချောင်းစုံ စက္ကူစလေးတွေ
ထွက်ကျလာတယ်... နောက်
ဦးထုပ်ထဲက ချောင်းစုံသကြား
လုံးတွေကိုပါ.. ပရိသတ်ဆီ
ဝေငှ ပေးတယ်...
လျှို့ဝှက်ချက်၊ တစ်ခါသုံးရေခဲ
မုန့်ခွက်အဝင်ကတ်ထူစက္ကူနဲ့
စလင်ဒါပုံဗူး လုပ်ရပါမယ်..
ကော်ကပ်
စလင်ဒါဗူးရှည်
ရဲ့အောက်ခြေနဲ့
၃"လက်မအကွာ
မှာ ၅-ဗူး ဝိုင်း
အပေါက်
အပေါက်လေး
တစ်ခု ဖောက်ပါ...
စလင်ဒါဗူးရဲ့အထက် ထိပ်ဝမှာ
၁"-လက်မလောက်အကန့်တစ်ခု
ကန့်ပြီးချောင်းစုံ
စက္ကူစတွေထည့်,
သကြားလုံးထည့်
ထားတဲ့ ရေခဲမုန့်
စက္ကူခွက်ကို ၅ ဗူး
ဝိုင်းအပေါက်က
လက်မနဲ့ ဖိ,ထိန်း,
ပရိသတ်ချက်ကွယ်
မှာထား,စလင်ဒါဗူးကိုဦးထုပ်
ထဲ အထည့်မှာ.. သကြားလုံး
ခွက်.. ချထားခဲ့တာပါ။

Free for All





ကော်မသုံးဘဲ
ကပ်ပြခြင်း
• ဖျက်လှည့်ဆရာဟာ.. သူငယ်ချင်းနဲ့မတွေ့မီ.. စီးကရက်ဘူးခွံတစ်ခုရဲ့ ပါကင် ပလပ်စတစ်အိတ်ပါး လေးကို တစ်ဝက်လောက် အပြင်ကိုဆွဲချွတ်လိုက်ပါ...
•လက်မ+လက်ခလယ်နဲ့ ၉၀ ကိုး ဆယ်ဒီဂရီ အနေအထား ရောက်အောင်.. တွန်းလှည့်ပါ
၉၀
၀
ပြီးလျှင်-ပလပ်စတစ် အိတ်ကို ဖိပြီးပြန်စုပ် ပါ..ရုတ်တရက် ကြည့်ရင်.. ပါကင်ဖွင့်နေတဲ့ ပုံစံ ဖြစ်နေမယ်...
ဒီအချိန်မှာ သူငယ်ချင်းကို ခေါ်ပြပါ.. ဒီဖွင့်နေတဲ့ ပါကင် ခေါက်ချိုးကို ကော်မသုံးဘဲ ပြန်ကပ် နိုင်ပါ့မလား လို့မေး ပါ..
သူ... ကပ်ကြည့်ရင်..ကပ်မရ တာ တွေ့ လိမ့်မယ်.. ကဲ..ဒါဆို ငါ..ကပ်ပြမယ် ဆိုပြီး ဘူးခွံ ကိုပြန်ယူပါ.. သူမမြင်နိုင်တဲ့ နောက်ကျောဘက်..လက် နှစ်ဖက် ပစ်ပြီး.. ပလပ်စ တစ် အိတ်ကို အနည်းငယ် ဆွဲချွတ်..
နဂိုမူလ.. ၉၀ .ဒီဂရီကနေ ၀.-ဒီဂရီကို ပြန်လှည့်ရွှေ့.. ပလပ်စတစ် အိတ်ကို..ဘူး ထဲ ခတ်တင်းတင်းလေး ပြန်စုပ် ပြီး.. သူငယ်ချင်း ကို ပြန်ပြပါ..စောစောက ဖွင့်နေတဲ့ ပါကင်ဟာ..ကပ် ပြီးပိတ်နေတာ.. သူ.. အံ့ဩ စွာတွေ့ရပါလိမ့်မယ်။
(တစ်ယောက်တည်း လေ့ကျင့်ပြီးမှပြပါ)
• ဦးဦး စိန်ကြူမ

Free for All





နေရာပြောင်းသွားသော သားရေကွင်း
မျက်လှည့်ဆရာဟာ သူ့ရဲ့ လက်ဝဲဘက်_ လက်ညှိုးနဲ့ လက်ခလယ်မှာ.. သားရည်ကွင်းကို အင်္ဂလိပ်အက္ခရာ X ပုံစံနဲ့ စွပ်လိုက်တယ်..
အရင်းအထိ စွပ်ပါ.
ပြီးတော့ လက်ချောင်းတွေကို ကွေးပြီး လက်သီး ဆုပ် လိုက်တယ်..
လက်သီးဆုပ်ပေါ်ကို ညာလက် ဝါးနဲ့ အသာ အုပ်... "ဥုံမှ" လို့ မန်းမှုတ်ပြီး လက်ဝါးကို ပြန်ဖြန့်လိုက်တော့..
သားရည်ကွင်းဟာ..လက်ညှိုးနဲ့
လက်ခလယ်ကနေ..လက်သူ ကြွယ်နဲ့လက်သန်းကို ရွှေ့ ပြောင်းသွားပါတယ်...
လျှို့ဝှက်ချက်၊
လက်ချောင်းလေးတွေ ကွေး မဆုပ်ခင်မှာ.. ညာ လက်ညှိုး-လက်ခလယ်နဲ့ သားရည်ပင်ကိုဆွဲ၊
ကျွယ်သွားတဲ့နေရာထဲကို လက်လေးချောင်းစလုံး ကွေး ထည့်၊ ပြီးရင် ပြန်ဖြန့်။


ပဝါအတွင်းက
မီးခြစ်ဆံကလေး
● မျက်လှည့်ဆရာဟာ.. လက်ကိုင် ပဝါတစ်ထည် ထဲကို သစ်သားမီးခြစ်ဆံလေး တစ်ချောင်း ထည့်ပြီး..
ထုပ်ပိုးလိုက်တယ်...
ပြီးတော့.. ပွဲကြည့်ပရိသတ် တစ်ဦးကိုပေးတယ်..
ဂျွတ်..
အဲဒီက မီးခြစ်ဆံကို ချိုးခိုင်း လိုက်တယ်။
ပဝါထုပ်ကို ပြန်ယူပြီး - အထုပ်ကိုပြန်ဖွင့်လိုက်တယ်.. မီးခြစ်ဆံဟာ.. အကောင်းအတိုင်း ဖြစ်နေတာ တွေ့ရတယ်...
လျှို့ဝှက်ချက် - ပဝါတစ်ထည်ရဲ့ ဘေး အနားသားကို မီးခြစ်ဆံ
ဝင်သာသလောက် အပ်နဲ့ချုပ် ပြီး.. မီးခြစ်ဆံကို ကြိုတင် ထည့်ထားတာပါ။
မီးခြစ်ဆံကို ချိုးခိုင်းတဲ့ အခါမှာ.. ချုပ်ရိုးသီးပြီး လျှို့ဝှက်ထည့်ထားတဲ့ မီးခြစ်ဆံကိုပဲ ချိုးခိုင်း လိုက်တာပါ။
ချိုးရန်


Free for All




ဘယ်ညာ ခုန်ကူးတဲ့ မီးခြစ်ဆံ
● မျက်လှည့်ဆရာဟာ သူ့ရဲ့ ဘယ်-ညာပေါင်ပေါ်မှာ မီးခြစ်ဆံ တစ်ဆံစီ ကန့်လန့်ဖြတ်တင်ထားတယ်.. ဘယ်ညာလက်ဝါး အစုံနဲ့ ပေါင်ပေါ်ကို အုပ်လိုက်တယ်...
ပြန်မလိုက်တဲ့ အခါမှာ
တစ်ဘက်ပေါင်ပေါ်က မီးခြစ်ဆံဟာ-တစ်ဘက်ပေါင်ပေါ်ကို ကူးပြောင်းသွားတာ တွေ့ရတယ်.. နှစ်ချောင်းထဲက တစ်ချောင်း
ကို တစ်ဘက်ပေါင်ပေါ်ကို ပြောင်းတင်ပြီး စောစောကလို ဘယ်ညာပေါင်ပေါ်ကို လက်ဝါး အစုံနဲ့ အုပ်ပြီး ပြန်မလိုက် ပြန်တယ်.. မီးခြစ်ဆံ တစ်ချောင်းဟာ.. တစ်ဘက်ပေါင်
ပေါ် ရောက်နေပြန်ပါရော..
လျှို့ဝှက်ချက်၊ ပေါင်တွေ ပေါ်မှာ မီးခြစ်ဆံတစ်ချောင်း စီနဲ့ လက်ဖဝါးတစ်ဘက်အောက် မှာ မီးခြစ်ဆံတစ်ချောင်းညှပ် ဝှက်ထားလို့ ပေါင်း(၃)ချောင်း ဖြစ်ပါတယ်..
ညှပ်ဝှက် ထားသည်
ပေါင်ပေါ်အုပ်ချိန်မှာကြိုတင် ညှပ်ထားတဲ့ အချောင်းကို လွှတ်ချပြီး-တစ်ဘက်ပေါင် က အချောင်းကို..လက်ဖဝါးနဲ့ ညှပ် ဝှက်ယူလိုက်တာပါ။
<အကြိမ်ကြိမ်လေ့ကျင့်ပြီးပြပါ>

Free for All






•ဒီထဲမှာ ဘာလေးလဲ?•
■ဖျက်လှည့်ပြသူက… သူ့ သူငယ်ချင်းကို ခုလို ပြောပါတယ်..
•သူငယ်ချင်း ဒီကပ်တုပြား ထဲမှာ.. ပိုးဥ တစ်ခုကို ငါဖမ်းထည့်ထားတယ်..•
•ဖြည်းဖြည်းချင်းဖွင့်ကြည့် နော်… အမြန်ဖွင့်လိုက်ရင်.. ပျောက်သွား လိမ့်မယ်• လို့ ပြောပါတယ်…
ဒါနဲ့… သူ့ သူငယ်ချင်းက သူ့လက်ထဲက ကပ်ပြား
ခေါက်လေးကို ယူပြီး ဖြည်းဖြည်းချင်း … ဖွင့်ကြည့်လိုက်တော့…
ဗလပ်.. ဗလပ်.. ဗလပ်..
ဟာကွာ.. လန့်လိုက်တာ ကလူ.. ကလူ
လှို့ဝှက်ချက်၊
အလျား ၄"-လက်မ၊ အနံ ၂"-လက်မ လောက်ရှိတဲ့ စက္ကူကပ်ပြား ထူထူ တစ်ချပ်တော့ ရှာရပါမယ်…
ကပ်တုပြားရဲ့ အလယ်တစ်ဝက် ကိုခေါက်ပါ.. လက်ချိုးဘက် မျက်နှာစာမှာ.. သားရေပင်
၄"
တစ်ကွင်းကို ဘယ်/ညာတင်းတင်း ဆွဲပြီး ..ထိပ်နှစ်ဘက်ကို စာအုပ် ချုပ်ကလစ်နဲ့ ချုပ်ပါ၊ သားရေ ပင်ကြိုးကြားထဲကို ၁"လက်မလောက် ရှည်တဲ့.. တုတ်(သို့မဟုတ်)ကပ်တူ စက္ကူပြားကို ညှပ်၊ ၄-၅-၆ ပတ်လိမ်၊ အဖုံးကို ပိတ်၊ လက်ညှိုး-လက်မနဲ့ ဖိကိုင်ပြီး…
သူငယ်ချင်းရဲ့ လက်ထဲကို ထည့်ပေးလိုက် ပေါ့ …

Free for All




မီးခြစ်ဘူးဖြင့် အကြွေစေ့
ပျောက်ပြခြင်း
မျက်လှည့်ဆရာဟာ.. ဒသစ်သား
မီးခြစ်ဘူး အခွံလွတ်ရဲ့ အံဆွဲကို
ဖွင့်ပြတယ်.. အထဲမှာ ဘာမှမရှိ
ပါဘူး...
နောက်.. ပိုက်ဆံ အကြွေစေ့
တစ်စေ့ကို ထည့်ပြီး အံဆွဲ
ပိတ်လိုက်တယ်..
ပြီးတော့.. အထဲမှာရှိနေကြောင်း
ခလောက်ပြတယ်...
အံဆွဲပြန်ဖွင့်ပြတဲ့ အခါမှာ..
စောစောက အကြွေစေ့လေး
ပျောက်နေတယ်...
လျှို့ဝှက်ချက် က ဒီလိုပါ..
မီးခြစ်ဘူးရဲ့ အံဆွဲကြမ်းပြင်နဲ့
ကပ်နေတဲ့ နံရံကို အကြွေစေ့
ထွက်နိုင်အောင် ဓားနဲ့ကြိပြီး
လှီးဖောက်ထားတယ်..
အပေါက်
ပြတဲ့ အခါမှာ..ဖောက်ထား
တဲ့ အပိုင်းကို အတွင်းမှာထား
အံဆွဲကိုဖွင့်ပြ၊ အကြွေစေ့
ကိုထည့်၊ ပိတ်၊ ဖျောက်လျှက်
အနေအထားနဲ့ ခလောက်ပြ၊
ဘူးကိုပြန်လှန်၊ လှီးဖောက်
ထားတဲ့ အပေါက်က အကြွေ
စေ့ကိုထုတ်၊ ဘယ်လက်ဖဝါး
မှာဝှက်၊ ညာလက်က မီးခြစ်
ဘူးကိုပြောင်းယူ.ပြန်ဖွင့်
ပြ...။

Free for All




ပိတ်စ အထုံးတွင်း
ပျောက်သွားသော လက်စွပ်
မျက်လှည့်ဆရာဟာ..
ပိတ်စရဲ့ အစွန်း တစ်ဘက်
ကနေ လက်စွပ်တစ်ကွင်းကို
စွပ်ချလိုက်တယ်.. မကြာခင်
ပိတ်စ အထုံးထဲ လက်စွပ်
ရောက်သွားလိမ့်မယ် လို့
ပြောပြီး ပိတ်စကို ခါချတယ်..
လက်စွပ်ဟာ ပြန်ကျွတ်ထွက်
လာတယ်။
နောက်တစ်ကြိမ် ပြန်စွပ်
လိုက်တယ်.. "ဦးဖွ" လို့ မန်းမှုတ်
ပြီး ပြန်ခါချမှာ.. လက်စွပ်
ဟာ ပိတ်စ အထုံးထဲ
အံ့ဩဖွယ်ရောက်နေပါတယ်။
လျှို့ဝှက်ချက် ၊ လက်စွပ်
ပုံစံတူ နှစ်ကွင်းနဲ့ ပိတ်စ
တစ်စ လိုအပ်ပါတယ်...
လက်စွပ် တစ်ကွင်းကို
ခုလို ပိတ်စ အစွန်းတစ်ဘက်
မှာ ကြိုတင် ချည်ထုံးထားပါ..
ပြသတဲ့ အခါမှာ ချည်ထုံးထား
တဲ့ အပိုင်းကို လျှို့ဝှက်ထားရ
ပါမယ်..
တစ်ခါစွပ်-ခါချ-နောက်တစ်ခါ
အစွပ်မှာ.. အထုံး အပိုင်းကို
လွှတ်ပြီး စွပ်ပြတဲ့ လက်စွပ်
ကို လူမမြင်အောင် ဖျောက်
ပြလိုက်တာပါ။


Free for All




ပေါက်ထွင်းမြင်နိုင်သော
မျက်လှည့်ဆရာ..
မျက်လှည့်ဆရာဟာ.. စားပွဲ တစ်လုံးပေါ်မှာ.. လိမ္မော်သီး ၅.လုံး၊ ဆော့ပင် တစ်ချောင်း၊ အိတ်တစ်လုံးနဲ့ လက်ကိုင်ပဝါ တစ်ထည်တင်ထားတယ်..
ပရိသတ်ထဲက တစ်ယောက်ကို လက်ကိုင်ပဝါ ပေးပြီး..သူ့ မျက်နှာကို စည်းခိုင်း တယ်...
လိမ္မော်သီး တစ်လုံးကို ယူပြီး ဆော့ပင်နဲ့ ပရိသတ်ကို အမှတ်အသား တစ်ခု.. မှတ်ခိုင်းတယ်..
အမှတ်ပါတဲ့ လိမ္မော်သီးကို အိတ်ထဲ ထည့်လိုက်တယ်.. နောက်ကျန်နေတဲ့ အမှတ် မပါတဲ့ လိမ္မော်သီးတွေကို လည်း- အိတ်ထဲထည့်လိုက် တယ်..
လိမ္မော်သီး အိတ်ကို ပရိသတ် တစ်ဦးဆီ ပေးလိုက်ပြီး- အမှတ်ပါတဲ့ လိမ္မော်သီးကို ပြန်ရွေးပြတယ်။
လျို့ဝှက်ချက်၊ အမှတ်ပါတဲ့ လိမ္မော်သီးကို အိတ်ထဲ အထည့်မှာ ပျော့အောင်ညှစ် ထားတယ်.. ထုတ်ပြတဲ့ အခါမှာ ပျော့နေတဲ့ အသီးကို ရွေးပြီး- ပြခြင်းပါပဲ..

Free for All




မီးခြစ်ဆံများနှင့် ပြသခြင်း
မျက်လှည့်ဆရာဟာ.. သစ်သား မီးခြစ်ဘူးလေးက မီးခြစ်ဆံတွေကို အံဆွဲ ဖွင့်ပြီး ပြပါတယ်...
ပြီးတော့ မီးခြစ်ဆံတွေကို
သွန်ချ ပစ်လိုက်တယ်...
ဥုံဖွ...
နောက် အံဆွဲကို ပြန်ပိတ်ပြီး 'ဥုံဖွ' လို့ မန်းမှုတ်ပါတယ်။
အံဆွဲကိုပြန်ဖွင့်တယ်. မီးခြစ်ဆံတွေပြန်ရောက်နေတာတွေ့ရတယ်...။
လျှို့ဝှက်ချက် သစ်သားမီးခြစ်ဘူး တစ်ဘူး ရဲ့ အံဆွဲကြမ်းခင်းကို အတိအကျ ဓားနဲ့လှီး
ပတ်လည်လှီးဖောက်
ဖောက်ပြီး- အံရဲ့ နံရံ တစ်ဝက်မှာ ကော်နဲ့ကပ်ပြီး ကန့်လိုက်ပါ။
မီးခြစ်ဆံတွေကို နှစ်ဘက်မှာထည့်လိုက်ပြီး ပြပါ...။ မီးခြစ်ဆံတွေကို သွန်ချပြ။ အံဆွဲပြန်ပိတ်၊ မန်းမှုတ်ပြ၊ တစ်ဘက်မှာကျန်နေတဲ့ မီးခြစ်ဆံတွေကိုပြန်ဖွင့်ပြ။

Free for All




● ဒီတစ်ခါတော့..
ကြိုးနည်းပြကွက် တစ်ခုကို ကလေးတို့ အတွက် ရွေးချယ်ထားပါတယ်...
ကြိုး အဝိုင်းမှ.. အရှည်ပြုလုပ်ပြခြင်း။
မျက်လှည့်ဆရာဟာ တစ်ထွာလောက် ရှိတဲ့ ကြိုးဝိုင်းလေး တစ်ချောင်းကို လက်ထဲမှာ ဆုပ်ကိုင်ထားတယ်..
"ဒီကြိုး အဝိုင်းလေးကို.... အရှည်ထွက်လာအောင် လုပ်ပြမယ်" လို့ ပြောပါတယ်...
?
ဒါနဲ့ ကြိုးစ တစ်ဖက်ကို ဆွဲထုတ်ပြတယ်...
ကြိုးဟာ.. တကယ်ပဲ.. အရှည် ထွက်လာတာ တွေ့ရတယ်..
လျှို့ဝှက်ချက်.. အရှည် ၁၁ လက်မ လောက်ရှိတဲ့ ကြိုးကို ပုံမှာ.. ပါတဲ့ အတိုင်း အပေါ် ကုတ် အင်္ကျီလက်ထဲမှာ ထည့်ထားတာပါ...
ရွှင်လန်း ချမ်းမြေ့ ကြပါစေ..


Free for All




● ကလေးတို့... မျက်လှည့်- လက်လှည့်- ဆိုတာ ရှိပါတယ်.. လက်လှည့်ကိုတော့ စာနဲ့ရေးသားပြဖို့ အခက်အခဲရှိနိုင်တော့ကြောင့် အတတ်နိုင်ဆုံး ရှောင်လွှဲခဲ့ခြင်းပါ.. ခုတင်ပြနေတဲ့ မျက်လှည့်ပြကွက်တွေမှာ မရှင်းလင်းတာရှိရင်.. ဦးဦးဆီ တိုက်ရိုက် (သို့) ရွှင်ပြုံးတိုက်ကို ဆက်သွယ်မေးမြန်းပါ။
အမိန့်နာခံသော.. မီးခြစ်ဆံများ
● ဒီတစ်ပတ်တော့ မျက်လှည့်ဆရာဟာ.. ပရိသတ်ရှေ့မှာ... သစ်သား မီးခြစ်ဘူးက မီးခြစ်ဆံတွေကို အနည်းငယ်လှစ်ပြတယ်.. "ဒီမှာနော် မီးခြစ်ဆံတွေ"
ပြီးတော့ ပြန်ပိတ်တယ်.. နောက်- မီးခြစ်ဗူးလေးကို မှောက်လျက် ဆွဲထုတ်ပြီး အောက်ကို ဒါ ချပြပါတယ်..
မီးခြစ်ဆံတွေ အောက်ကို ထွက်ကျလာတာ မတွေ့ရဘူး ဒါနဲ့.. မျက်လှည့်ဆရာက...
သူ့ရဲ့ ညွှန်တံလေးနဲ့.. "ဟော့ ထွက်ကျစမ်း" လို့.. အမိန့်ပေးလိုက်မှ မီးခြစ်ဆံတွေဟာ ထွက်ကျလာတာတွေ့ရတယ်...
လျှို့ဝှက်ချက်- မီးခြစ်ဆံ (၁) ချောင်းကို.. အနေတော် ချိုးပြီး.. မီးခြစ်ဗူးကို ကန့်လန့်ထားခြင်းဖြစ်ပါတယ်.. အမိန့်ပေးတဲ့အခါ ဗူးလေးကိုလက်နဲ့ ညှစ်ချလိုက်ခြင်းပါပဲ.. ပျော်ရွှင်ကြပါစေ...

Free for All




<မျက်လှည့် ဥာဏ်စမ်း>
ကြိုးထုံးကလေး
ဖြစ်သွားသောနည်း
■ ၃'.ပေ, လောက်ရှည်တဲ့ နိုင်လွန် <ဘန်ချည်ကြိုး> တစ်ချောင်းကို သင့်မိတ်ဆွေကို ပြပါ..
"ဒီကြိုးလေးကို လက်တစ်ဘက်တည်းနဲ့ကြိုးထုံးလေးတစ်ခု ဖြစ်သွားအောင် လုပ်ပြနိုင်မလား" လို့ ပြောပါ...
သင့်မိတ်ဆွေ သူငယ်ချင်းက "ငါတော့ မလုပ်တတ်ဘူး ...
မင်းပဲ လုပ်ပြပါ" လို့ ပြောရင်...
<က>
<ခ>
ညာဘက်လက်ဖါးနဲ့ ကြိုးစကို ပုံပြပါအတိုင်း ညှပ်ကိုင်လိုက်ပါ...
ကြိုး နှစ်စ ထိပ်တွေကို <က>-<ခ> လို့ စိတ်ထဲမှာ မှတ်သားထားပါနော်...
ဒီနောက် လက်ကို လှည့်ပြီး ဖြောက်ချလိုက်ပါ...
<က>
<ခ>
ပုံပါအတိုင်း ဖြစ်သွားရင် လက်ညှိုး+လက်ခလယ်နဲ့ <ခ>ထိပ်စကြိုးကို ညှပ်ယူပြီး ခါချလိုက်ပါ..
ကြိုးကလေးထုံးသွားတာ တွေ့ရမယ်...

Free for All




♥ ချစ်သက်လက်ဆောင် ♥

• သားတို့သမီးတို့.. ဒီတစ်ပတ်.. ပြမယ့် ပြကွက်ဟာ.. အံ့ဩ ဖွယ်ပြကွက် တစ်ခုပါ။
< အလွန် လှတဲ့ ပြကွက်ပါ >
ခုပြမယ့် ပစ္စည်းကို လျှို့ဝှက် ပြင်ဆင်ပြီးတဲ့ အခါမှာ မင်းရဲ့ သူငယ်ချင်း တစ်ယောက်ကို ခေါ်လိုက်ပါ။

ပုံပြင်လေး တစ်ခု ကိုလည်း ထွင်ပြီး ပြောပြပေါ့နော်...

"သူငယ်ချင်းရေ.. ကိုယ်တော့ ဘူးလေးတစ်ခုကို လမ်းက ကောက်ရလာတယ်.."

"ဖွင့်ကြည့်တဲ့ အခါ လူတစ် ယောက်ရဲ့ လက်ကလေးဖြစ် နေတယ်... သူ့ ချစ်သူ အတွက် ချစ်သက်လက်ဆော[င်] လေး ဖြစ်နေမလားဘဲ" ဆိုပြီး..



ဘူးလေးကို ဖွင့်ပြလိုက်ပါ- အံ့ဩဖွယ်ဘူးထဲမှာ...



လက်ပြတ်လေးကို သူ တွေ့ရပါလိမ့်မယ်...

ပြကွက်က ဒီမှာပဲ ပြီးဆုံး သွားပါပြီ... ဘူးလေးကို သိမ်းထားပြီး... နောက် တစ်ဦးကို ထပ်ပြဦးပေါ့...

__လျှို့ဝှက်ချက်__၊ စက္ကူ ကဒ်ထူဘူး တစ်ခုရဲ့ ကြမ်းပြင်ကို.. ဘဲဥ ပုံစံ အပေါက်လှီးဖောက်ပါ..




ဝါဂွမ်းစလေးတွေကို လှလှပပ ခင်းထားပါ..






ပြကွက်ပြတဲ့ အခါ အဖုံး မဖွင့်မီ.. မင်းရဲ့လက်ခ လယ်ကို ဖောက်ထားတဲ့ အပေါက်ထဲထည့်လိုက် ပါ။

မရမ်းတလင်း စာအုပ်တိုက်

Free for All




မနောအာရုံဖြင့်ဟောသူ
■ မျက်လှည့်ဆရာဟာ
ပရိသတ်တစ်ဦးကို ဆော့ပင်၊
ရောင်စုံခဲတံဗူး တစ်ဗူးကို
ပေးလိုက်တယ်၊ "ဗူးထဲက
ကြိုက်နှစ်သက်ရာ အရောင်
ခဲတံတစ်ချောင်းရွေးပြီး
ကျန်တော့လက်ထဲကို ထည့်
လိုက်ပါ"
လက်နှစ်ဘက် နောက်ပစ်ပြီး
လှည့်ထားတဲ့ မျက်လှည့်ဆရာ
လက်ထဲကို အနီရောင် ခဲတံ
တစ်ချောင်းကို ထည့်ပေးလိုက်
ပါတယ်..
မျက်လှည့်ဆရာဟာ ပရိသတ်
ဘက် မျက်နှာပြန်လှည့်ပြီး..
နောက်မှာရှိတဲ့ ခဲတံအရောင်ကို
လှည့်မကြည့်ဘဲ.. "ခင်ဗျား ရွေး
ပေးတာ.. အနီရောင်" လို့..
မှန်အောင်ပြောနိုင်နေပါတယ်။
လှို့ဝှက်ချက်၊ ၊ မျက်လှည့်
ဆရာဟာ၊ သူ့လက်နှစ်ဘက်
နောက်မှာရှိတဲ့ အချိန်မှာ...
ပရိသတ် ရွေးပေးတဲ့ ခဲတံ
အရောင်ကို.. သူ့ညာလက်မရဲ့
လက်သည်းခွံပေါ်မှာ...
ထင်ရှားစွာ.. ခြစ်ယူထားလိုက်
တယ်..
အရောင်ပေစွန်းနေတဲ့ လက်မ
ကို မသိမသာကြည့်ထားပြီး ပရိသတ်
ကို လက်ညှိုးထိုးပြီး ဖြေပြ
တာပဲ ဖြစ်ပါတယ်။


လက်ကိုင်ပဝါထဲက
အကြွေစေ့
မျက်လှည့်ဆရာဟာ..
လက်ကိုင်ပဝါ တစ်ထည်
ထဲကို.. အကြွေစေ့တစ်စေ့
ထည့်ပြီး..
က
ခ
ခေါက်လိုက်တယ်..
ခ
က
<က> နဲ့ <ခ> အစွန်း နှစ်ဘက်ကို
ခ
က
ဘယ်-ညာ တစ်ပြန်စီ ခေါက်
လိုက်တယ်..
ခ
က
အကြွေစေ့ဟာ.. ပဝါရဲ့
ကန့်တော့ချွန်မှာ ရှိနေတယ်
ပေါ့နော်...
<က> နဲ့ <ခ> အစွန်း နှစ်ခုကို..
ဆွဲဆန့်လိုက်တယ်... အကြွေစေ့
ဟာ..ပဝါရဲ့ အလယ်ကောင်
မှာပဲ ရှိနေမယ်ထင်လား?
ဆွဲဆန့်လိုက်တဲ့- အစွန်း တစ်
ဘက်ကို..လက်နဲ့ ညှစ်ချလိုက်
ရင်.. အကြွေစေ့ ထွက်ကျလာ
လိမ့်မယ်..လှပတဲ့ပြကွက်ပါ..




Free for All

Free for All




## လက်ကိုင်ပဝါဖြင့် ပိုက်ဆံစေ့ ပျောက်ပြခြင်း

● မျက်လှည့်ဆရာဟာ.. စားပွဲခုံ ပေါ်မှာ လက်ကိုင်ပဝါကို ဖြန့် ခင်းပြီး .. အကြွေစေ့ (၁) စေ့ကို အလယ်မှာ ချ လိုက်ပါတယ်.




ပြီးတော့.. ဒေါင့်စွန်း ၄ ဘက် ကို တစ်ခုချင်း အကြွေစေ့ အပေါ် ထပ်အုပ်လိုက်တယ်..




၄.ဘက်လုံး အုပ်ပြီးတဲ့နောက် ပဝါ အစွန်းတစ်စကို.. လက် နဲ့ ကိုင်ပြီး ခါ ချလိုက်တော့



ငွေ အကြွေစေ့ ပျောက်သွား တာကို တွေ့ရတယ်။


လျှို့ဝှက်ချက်၊ ဆယ်လ်လို တိပ် (သို့) ဒူဗလယ်တိပ်




တစ်ခု.ခုကို ပဝါဒေါင့် တစ်ဘက်မှာ ကပ်ပါ.. ပြကွက်စရင်.. တိပ်ကပ် တဲ့နေရာကို ဘယ်လက် နဲ့ကွယ်ထားပါ..ညာလက် နဲ့ အကြွေစေ့ကိုချ..တိပ် ကပ်တဲ့ဒေါင့်နဲ့ ဖိကပ်.. ကျန်တဲ့ အစတွေကို အုပ်ပြီး.. ပဝါစကိုကိုင် ခါချပြ- ခါချတဲ့နေရာ မှာ..တိပ်နဲ့ကပ်နေတဲ့ အကြွေစေ့ဟာ.. ပြသ သူရဲ့ ဘက်ခြမ်းမှာရှိ နေဖို့ လိုပါတယ်...။


Free for All




● မျက်လှည့် ဉာဏ်စမ်း ●
<မှိုးပေါ်က ကြယ်ကလေး>
● မျက်လှည့်ပြမယ့်သူဟာ..
အောက်က..သင်္ကေတပုံရယားကွက်
ကို စာရွက်ပေါ်မှာ ရေးဆွဲပါ။
နောက်တစ်ခါ... ၃"လောက်ပတ်လည်
စာရွက်ပေါ်မှာ..ကြယ်ပုံလေးရေးပြီး
ခေါက်ထားပါ၊ အဲ့ဒီကြယ်ပုံဟာ...
ဒီ..ဉာဏ်စမ်းပြကွက်ရဲ့ အဓိက..
အခုပြေဖြစ်ပါတယ်၊ မျက်လှည့်ပြ
သူဟာ..သူငယ်ချင်းတစ်ယောက်ကို
ခေါ်ပြီး..သင်္ကေတ(၆)ခုပါရယားပုံ
ကိုရွေးမှာ ချပြပါ...မင်း - အင်္ဂလိပ်
ဂဏန်း 1-TO 6..တစ်ခု..ခြောက်
အထိ..ကြိုက်တဲ့ ဂဏန်း
တစ်လုံးကို ရွေးပြောပါ-
မင်းပြောတဲ့ သင်္ကေတ
ပုံကို..ငါ..ကြိုသိနေတယ်
ဒီစာရွက်ခေါက်ထဲမှာဆွဲ
ထားတယ်လို့ပြောပါ..
ဖိုက်ကွာ..
လက်ဝဲဘက် စက်ဝိုင်းပုံက
စ..ရေတွက်ပြပါ..
F.I.V.E
စာရွက်ခေါက်ကို..ဖွင့်ပြ
လိုက်..(ကြယ်ပုံ)
ဒီမှာတင်..ပြကွက်သိမ်း။
နောက်သူငယ်ချင်းကို ရှာပြီး..
1.TO.6 -တစ်ခုခု.. ပြောခိုင်း..
ဝမ်း ကွာ..
O. N. E.1(တစ်ခုပိုထောက်ပြ)
ကြိုရေးထားတဲ့ ကြယ်ပုံစာရွက်
ခေါက်ကိုဖွင့်ပြ..<ပြကွက်သိမ်း>
[အောက်ပါနည်းအတိုင်းလေ့ကျင့်ပါ]
①O.N.E.1 စက်ဝိုင်းမှစ ရေတွက်၊
②T.W.O.2 " " "
③1.2.3 လှိုင်းတွန့်ပုံမှစ ရေတွက်၊
④1.2.3.4 စက်ဝိုင်းမှစ ရေတွက်၊
⑤F.I.V.E " " "
⑥S.I.X လှိုင်းတွန့်ပုံမှစရေတွက်၊
<တစ်ဦးကို တစ်ကြိမ်ပဲ..ပြသင့်..>


Free for All




ကြိုးအချုပ် အတွင်းမှ
သံကွင်း နှုတ်ကွင်း..
ခဲတံ တစ်ချောင်း၊ ၁.၅ ပေ ခန့်ရှိ
ချည်ကြိုး<ခုံ> ရှူးဖိနပ်ကြိုး
၂.ချောင်းနဲ့ သံကွင်း ၂.ကွင်း
ရှာရပါမယ်..
သော့တွဲချိတ်က.. သံကွင်းမျိုး
ဆိုရင်လည်း ရပါတယ်...
Perfect
ဦးစွာ ဒီပုံစံ လုပ်လိုက်ပါ..
ကြိုးထိပ်အစတွေကို မိတ်ထဲ
က-<က><ခ><ဂ><ဃ>လို့
မှတ်သားလိုက်မယ်..
က
ခ
ဂ
ဃ
ပြီးတော့<က><ခ>-<ဂ><ဃ>
တစ်ခုစီကို..အောက်မှာရှိတဲ့
ပုံအတိုင်းချည်ပါ..
ဂ
ဃ
က
ခ
ဂ
ခ
ဃ
က
ဒီပုံစံမျိုး - သံကွင်း ၂.ကွင်းကို
တစ်ဘက်စီ စွပ်ပါ..
ဂ
က
ခ
ဃ
<ခ>နဲ့<ဃ> အစစကို.. ထပ်ပြီး
လိမ်ချည်လိုက်ပါ..
က
ဂ
ခ
ဃ
ခဲတံကိုဆွဲနှုတ်ပြီး-<က><ဂ>
အစစကို ဆောင့်ဆွဲလိုက်ပါ..
သံကွင်း၂.ကွင်းဟာ ကြိုးအချုပ်
ထဲက လွတ်လွတ်ကျွတ်ကျွတ်
ထွက်သွားပါလိမ့်မယ်...

Free for All




ဖဲဖောက်တွင်း သိမြင်နိုင်သော
မျက်လှည့်ဆရာ..
■ ဒီတစ်ပတ်တော့ ရှင်ပြင်း
ရှုလတ်ပိုင်း ပရိသတ်အတွက်
ဖြကွက်တစ်ခုကို ရွေးချယ်
တင်ပြပါမယ်..
မျက်လှည့်ဆရာဟာ.. ဖဲချပ်
<၄>ချပ်ကို စားပွဲပေါ်မှာစီချ
ပြပါတယ်...
မျက်လှည့်ဆရာ တစ်ဘက်ကို
လှည့်နေတဲ့ အခါမှာ.. ပရိသတ်
တစ်ဦးက.. ကိုယ်ကြိုက်တဲ့
ဖဲတစ်ချပ်ကို နာရီလက်တံ
သွားတဲ့ အတိုင်း ၁၂-နာရီက
နေ၆-နာရီနေရာကို လှည့်
ရွှေ့ပြီး.. ၄-ချပ်စလုံးကို
စားပွဲပေါ်မှာ မှောက်ထား
ရပါမယ်.. ဒီ(ဥပမာ)နော်...
မျက်လှည့်ဆရာက..မှောက်
ထားတဲ့ ဖဲတွေကိုတစ်ချပ်ချင်း
လှန်ကြည့်ပြီး.. ပရိသတ်က
ဘယ်ဖဲကို လှည့်ထားတယ်
ဆိုတာ..ပြောပြနိုင်တဲ့
ဖြကွက်ပါ။
လျှို့ဝှက်ချက်က.. ဒီလိုပါ..
ဒိုင်းမွန်း၊ ဟာတ်ဖ်၊ ဟာတ်ပါ စပိတ်၊
ညှင်း၊ဆိုတဲ့ အပွင့်တွေရဲ့
အတည့်ကနေ.. ဇောက်ထိုး
ဖြစ်နေတာကို ကြည့်ပြီးပြော
နိုင်တာပါ..
အကယ်၍..၄-ချပ်စလုံးလှန်ကြည့်
လို့ပြောင်းလဲမှု မရှိဘူး ဆိုရင်..
ဒိုင်းမွန်းကို သူလှည့်ထားတာပေါ့-

Free for All




ဒီတစ်ပတ်.. ထူးဆန်းတဲ့ မျက်လှည့်ပြကွက် တစ်ခု ရွေးထားပါတယ်...
ကလစ်နှစ်ခု ချိတ်သွားခြင်း
ငွေစက္ကူ အသစ် တစ်ရွက်နဲ့ ရုံးသုံး စာညှပ်ကလစ် ၂ ခု လိုပါတယ်...
ငွေ စက္ကူကို အင်္ဂလိပ် အက္ခရာ Z . ရက်ပုံစံ
ခြုံခေါက်လိုက်ပါ။
စာညှပ်ကလစ်တွေကို
ပုံအတိုင်း.. ဒီအကွက်တွေမှာ ညှပ်လိုက်ပါ...
ညှပ်ပြီးရင်.. ငွေ စက္ကူရဲ့ ဘယ်ညာ ၂.စက်ကို ရဲရဲ ထင်းတင်း ဆွဲဆန့်လိုက်ပါ..
ကလစ်နှစ်ခု အလိုအလျောက် ချိတ်ဆက်သွားပါလိမ့်မယ်...

Free for All






ပုံသဏ္ဌာန် ပြောင်းသွားသော စက္ကူကွင်းများ
မျက်လှည့်ဆရာဟာ.. စက္ကူကွင်း ၃-ကွင်းကို ပြပါတယ်...
ပထမ စက္ကူကွင်းကို
အလယ်ကြောင်းက ညှပ် လိုက်တဲ့ အခါ...နှစ်ကွင်း ရပါတယ်...
နောက်တစ်ကွင်းကို ညှပ် ပြတဲ့ အခါ.. တစ်ကွင်းတည်း ဖြစ်သွားတယ်...
နောက်တစ်ကွင်းကို ညှပ် ပြတဲ့ အခါ နှစ်ကွင်း - ကွင်းဆက်ဖြစ်သွား ပါတယ်...
လျှို့ဝှက်ချက်.. ပထမ စက္ကူကွင်းကို ဆက်တဲ့
အခါမှာ..အတည့်ဆက်မယ်
GLUE ကော်
နောက်တစ်ကွင်းကို.. ၁-ချက်လိမ် ဆက်ရမယ်
နောက်ဆုံး ကွင်းကို.. ၂-ချက် လိမ်ပြီး ဆက်ရ ပါမယ်...
ပျော်ရွှင် ကြပါစေ...


Free for All




စားပွဲခုံကို ဖောက်ထွင်း
သွားသော.. ခြေဖြူခဲ
◆ မျက်လှည့်ဆရာဟာ...
သူ့ညာလက်ဖဝါးမှာ..ဘာမှ
မရှိကြောင်း ပရိသတ်ကို
ပြတယ်...
ပြီးတော့ သူ့လက်ဖဝါးကို
စားပွဲခုံအောက်မှာဖြန့်ခံ
ထားတယ်..
ပရိသတ်ထဲက တစ်ယောက်ကို
စားပွဲ အပေါ်ယံ မျက်နှာမှာ..
ခြေဖြူခဲနဲ့ အစက်ကလေး
တစ်စက် ခြစ်ပေးပါတယ်...
မျက်လှည့်ဆရာဟာ.. စားပွဲ
အောက် ဖြန့်ခံထားတဲ့ သူ့
လက်ဖဝါးကို အပြင်ဘက်
ထုတ်လိုက်တော့..လက်ဖ
ဝါးမှာ.. ခြေဖြူစက်လေး
တစ်ခု သွားပေနေတာတွေ့
ရတယ်။
လျှို့ဝှက်ချက်- ဒီပြကွက်
မပြခင်.. မျက်လှည့်ဆရာ
ဟာ.. ပရိသတ်မသိအောင်..
သူ့ညာလက်ခလယ် လက်
သည်းထိပ်နဲ့ ခြေဖြူစကို
ခြစ်ယူထားတယ်..
ကူးယူ
စားပွဲခုံအောက်ရောက်တော့
လက်ခလယ်ကိုကွေးပြီးလက်
ဖဝါးမှာ ခြေဖြူစကိုကူးယူ
လိုက်ခြင်းပါပဲ။


Free for All




ပြောင်းလဲ သွားစေသော ကွင်း နှစ်ကွင်း ..
■ ဒီ တစ်ပတ်တော့ .. ကလေး များ အတွက် သားရည်ကွင်း နှစ်ကွင်း နဲ့ မျက်လှည့်
ပြနိုင်တဲ့နည်း.. ဦးဦး ရွေးချယ် ထားပါတယ်...
အရောင်မတူတဲ့ သားရည် ကွင်း နှစ်ကွင်းကို ရှာရ ပါမယ်...
တစ်ကွင်းက အနီဆိုရင်.. တစ်ကွင်းက အပြာပေါ့နော်..
ဦးရှာ ဒီပုံစံ အတိုင်း လက်မ မှာ စွပ်လိုက်ရပါမယ်...
အပေါ်က သားရည်ကွင်း ကို
ဒီလိုကိုင် ပြီး - အောက်ကို ဆွဲချလိုက်ပါ...
အပေါ်-အောက် ကွင်းတွေ ပြောင်း လဲ သွားတာ တွေ့ ရပါ လိမ့်မယ်
ရှင်းလင်း ကြပါစေ...

Free for All




အမြဲ့အဝိုင်း
မြေချိုင်းနိုင်သော
မီးခြစ်ဆံ
● မျက်လှည့်ဆရာဟာ.. မီးခြစ်ဆံ နှစ်ချောင်းကို ဘယ်-ညာ တစ်ချောင်းစီ ကိုင်ထားတယ်...
တစ်ချောင်းအပေါ် တစ်ချောင်း ကန့်လန့်ဖြတ်တင်လိုက်တယ်..
`ချွန်´လို့ အမိန့်ပေးလိုက်တာနဲ့ ကန့်လန့်ဖြတ်တင်ထားတဲ့ - အပေါ်က မီးခြစ်ဆံဟာ `ထ´ ချွန်ပြေပါတယ်..
ချွန်..
ကျွး
မှို့ဖွက်ချက် ညာလက်ညှိုး- လက်မ နဲ့ ကိုင်ထားတဲ့ မီးခြစ်ဆံ ကို.. ညာလက်ခလယ်ရဲ့ လက်သည်းနဲ့ ဖိကပ်ထားတယ်...
`ချွန်´လို့ အမိန့်ပေးလိုက်တဲ့ အခါမှာ မီးခြစ်ဆံ ကိုင်ထားတဲ့ လက်ညှိုးနဲ့ လက်မကို.. အနည်းငယ် အားစိုက်ပြီး လက်ခလယ်ရဲ့ လက်သည်းနဲ့ ပွတ်လိုက်တာနဲ့.. တွန်းအားဖြစ်ပြီး.. ကန့်လန့် ဖြတ်တင်နေတဲ့ အပေါ်က မီးခြစ်ဆံဟာ ထ- ချွန်တာပါပဲ...
ရှင်လန်း
ချမ်းမြေ့
ကြပါစေ...

Free for All



● ဒီတစ်ခါတော့..
ကြိုးဖြတ်ဆက် တစ်ခုကို
ရွေးချယ်ထားပါတယ်...

■ သူငယ်ချင်းတွေနဲ့ ပရိသတ်
ကို မပြခင်.. ကိုယ်တစ်ဦးထဲ
လေ့ကျင့်ပြီး.. ပိုင်ပြီဆိုမှ..
ပြရမယ် နော်...

## ရှုပ်ထွေးသွားသော ကြိုး ပြေပြခြင်း


ကြိုးဟာ.. ခဲတံလုံးလောက်
ရှိမယ်... အရှည်က.. ၅'-၆'
လောက်ပေါ့...

၁




ပထမ ကြိုးကို ဒီလိုပုံလုပ်ပါ။

၂




ညာဘက် မျှားပြတဲ့နေရာက
ကြိုးကို ဘယ်ဘက် ပို့ပါ။

၃




ဒီလိုပဲ.. ဘယ်ဘက်ကြိုးကို
ညာဘက်လျှိုပြီး ပို့ပါ။

၄



မျှားနှစ်ခု အသွားအတိုင်း ..
တဖြည်းဖြည်းဆွဲလိုက်ပါ။

၅



ကြိုးဟာ.. ပုံစံ<၅> အတိုင်း
ဖြစ်လာမယ်...

၆



ဘယ်ညာထိပ်နှစ်စကိုဆွဲပါ..

၇



ကြိုးဟာရှုပ်ပြီး ထုံးသွားပြီ..

၈



ကြိုးထိပ်နှစ်စကို အတင်းဆွဲ
လိုက်ပါ.. ပြေသွားပါလိမ့်မယ်။

Free for All

လွယ်ကူပျော်စရာ မျက်လှည့်ပညာ...

